# MSAN Translation Team

王朝力量
MSAN
Translation Team

ခမ်းနားထည်ဝါ

# နဂါးမာန်သားတော်

ဆရာသခင်နှင့် သျှင်နေမင်း

# အပိုင်း ( ၁ )

မိုးတစ်ပြိုက် ရွာအပြီးမှာ တော့ တစ်နွေလုံး ပူလောင်ခဲ့သမျှ အပူ ဒဏ်က လျော့ပါးသွားလေသည် ။ သစ်ရွက်များ စိမ်းစိမ်း စိုစိုနှင့် ကြည့် လေရာတိုင်း အေးချမ်းမှုကို ခံစားရစေသည် ။

မိုးသက် မိုးငွေ့ပါသော လေဖြူးဖြူး တိုက်ခတ်မှုက ကြမ်းတမ်းနေ သော်လည်း အေးမြမှုကို ခံစားကြရလေသည် ။ အနောက်တောင် အရပ် ဆီမှ ပင်လယ်ပြင်ကို ကျော်၍ သစ်ပင်သစ်တော မြေနုကျွန်းများကို ဖြတ် သန်း တိုက်ခတ် လာပြီး သစ်ရွက်နံ့ ဆားငွေ့နံ့တို့ ရောထွေးလျက်။

အောက်အရပ် ဒေသတို့ ၏ ထုံးစံအတိုင်း လမုတော၊ ဓနိတော၊ က နစိုတော၊ သင်ပေါင်းတောများကို ဖြတ်သန်း တိုက်ခတ်လာသော လေတိုးသံ သဲ့သဲ့ကိုလည်း အမြဲ ကြားနေရတတ် ပေသည် ။

မိုးကျလျှင် ထွန်ချရသော လယ်သမားတို့ ၏ ထုံးစံအတိုင်း လယ်ထဲ ဆင်းရန် ပြင်ဆင် နေကြလေပြီ။

လယ်ထဲဆင်းသည် ဆိုသော်လည်း အရံသင့် ထွန်ယက် စိုက်ပျိုး၍ ရ သော မြေချောများ မဟုတ်သေးချေ။ အများ အခေါ် သံကြိုးဝိုင်းဟု ခေါ် သောဒေသ မြေရိုင်း သက်သက်သာ ရှိချေသေးလေသည် ။

လယ်မြေများ ပြုလုပ်ရန်အတွက် နွေရာသီကပင် သစ်ပင်ချုံနွယ်များ ၊ ဆူးချုံပင်များ ၊ ဓနိတော၊ လမုတောများကို ခုတ်ထွင် ရှင်းလင်းကာ စု

ပုံအခြောက်ခံ မီးရှို့၍ ရရှိလာသော မြေကွက်လပ်များ ၌ စူးထိုးကာ စပါးမျိုးစေ့ချပြီး စိုက်ပျိုးရခြင်း ဖြစ်လေသည် ။

တောတည်သည် ဟု လည်း ခေါ်ဆိုကြလေသည် ။

အောက်အရပ် ဒေသများ တွင် ယခင်က သံကြိုးဝိုင်းတောများ ၌ ကိုယ့်အစုနှင့်ကိုယ် တောရှင်းပြီး လယ်မြေများ တည်ကာစအချိန်လည်း ဖြစ်လေသည် ။

တောကြိုအုံကြား ရွာငယ်လေးများ စတင်တည်ထောင်ရင်း လယ်လုပ်ကြခြင်းပင်။ လူသူကင်းဝေးရာ ဒေသမို့ တောဝက်များ ၊ ချေများ ၊ ကြွက်များ အလွန်ပင် ပေါများ လေသည် ။

မျောက်များ ၊ တောကြောင်များ လည်း ရှိလေသည် ။ ငါး၊ ပုဇွန်၊ ဂဏန်း၊ ငါးရှဉ့်၊ ငါးဖရုံ အလွန်ပေါများကာ ဟင်းစားအတွက် ပူစရာ မလိုပေ ။

တောကြမ်းသည် မှာ လည်း ပြောစရာပင်မရှိ။

တစ်စုံတစ်ရာ အမှားယွင်းပင် မခံပေ။

ဆဲရေးတိုင်းထွာမိတိုင်း ညရောက်လျှင် ထိတ်လန့် ကြောက်ရွံ့စရာ ကြုံတွေ့ရစမြဲပင်။

သစ်ပင်များ တွန်းလှဲသံ၊ စူးစူးဝါးဝါး အော်ဟစ်သံ၊ ကလေးငယ်များ အော်ငိုသံ၊ ချောင်းထဲသို့ တဝုန်းဝုန်း ခုန်ချသံများကို ထိတ်လန့်စွာ ကြားရတတ်ပေသည် ။

ထို့ကြောင့် မည်သူမျှ အမှားအယွင်း တစ်စုံတစ်ရာ မလုပ်ရဲကြချေ။

တုံကင်းရွာ

ရွာဟု ဆိုသော်လည်း အိမ်ခြေ ဆယ်လုံးပင် မပြည့်ချင်။

လုပ်ငန်းကိုင်ငန်း မကောင်း၊ စီးပွားရေး အဆင်မပြေကြ၍ ကိုယ်ပိုင် လယ်မြေ တည်ရန် စွန့်စားရောက်ရှိ လာသူများ သာ။

မြစ်ရိုးတစ်လျှောက် အောက်ဘက်သို့ စုန်ဆင်းကာ သံကြိုးဝိုင်း ဒေသများ ၌ အခြေချ နေထိုင်ကြခြင်းပင်။

မြစ်ကမ်းနံဘေးမှ ချောင်းအတွင်းသို့ ဝင်သွားပြီး ကြဲသလို တဲငယ်များ ထိုးကာ အစုလိုက် နေထိုင်လုပ်ကိုင် ကြလေသည် ။

ထိုချောင်းကို တုံကင်းချောင်းဟု မှ ည့်ခေါ်ပြီး အကွေ့အကောင့်များ ၊ ချောင်းတို ချောင်းကွဲများ များ စွာရှိလေသည် ။

သူတို့ အဖွဲ့ကို ဦးဆောင်သူမှာ ဦးလှရွှေ ဟူသော အသက် (၅၀)အရွယ် ဗလကောင်းကောင်း အရပ်ရှည်ရှည်၊ အသားညိုညိုနှင့် ပုံခပ်ဆိုးဆိုးပင် ဖြစ်လေသည် ။ ပင်ပန်းမှုဒဏ်ကြောင့် ရှိသည့်အသက်ထက် ပို၍ ရင့်ရော်နေ သောကြောင့်လည်း ဖြစ်နိုင်ပေသည် ။

လူက ပုံသာဆိုးသော်လည်း အလွန် စိတ်ရင်းကောင်းကာ ငယ်သားများအား လွန်စွာ ညှာတာတတ်လေသည် ။

သူတို့ နှင့် တစ်ဖွဲ့တည်း ရောက်ရှိလာသော်လည်း အတူတကွ နေထိုင်ခြင်း မပြုပဲ နေသူတစ်လည်း ရှိသေးလေသည် ။ ထိုသူမှာ ကိုပန်းညို ဆိုသူဖြစ်ပြီး အသက်(၄၀) အရွယ်ခန့် လူလတ်ပိုင်း တစ်ဦးလည်း ဖြစ်လေသည် ။

သူ့တွင် ဇနီးသည် နှင့် (၅)နှစ်အရွယ်၊ (၃)နှစ်အရွယ်သား နှစ်ယောက် ရှိလေသည် ။

စကားနည်းပြီး အလိန်အေးဆေးကာ လူများများ နှင့် နေထိုင်ခြင်း မ

ပြုတတ်ပေ။

ထို့ကြောင့်လည်း သူ၏ အဖွဲ့များ နှင့် အတန်ငယ် လှမ်းသည့်နေရာ ချောင်း၏ အဖျားဘက် တောစပ်၌ တဲတစ်လုံးဆောက်ကာ နေထိုင်ကြခြ င်းပင် ဖြစ်လေသည် ။

တောကြမ်းသည့် ဒေသဖြစ်၍ ခွဲမနေရန် အတန်တန် တားနေသည့် ကြားမှ ပင် တစ်မိသားစုတည်း ခွဲနေခြင်းပင် ဖြစ်လေသည် ။

တစ်နွေလုံး တောရှင်းကြပြီး၍ ယခုမိုးကျချိန်ပင် ရောက်လာခဲ့ပေပြီ။

ယခုတစ်လော အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းမတစ် ယောက် မကြာခဏ သွားလာနေသည် ကို တွေ့မြင်နေကြ၍ ထိတ်လန့် နေမိ ကြလေသည် ။

ကိုပန်းညိုလည်း မကြာခဏ တွေ့မိသော်လည်း ယခင်တည်းက ကြောက်တတ်သူ မဟုတ်၍ အေးဆေးစွာပင် နေ နေလေသည် ။

"မကောင်းဆိုးဝါး ဆိုတာ တကယ် ရှိတယ်ဆိုရင်လည်း လာကြည့် ပေါ့ကွာ ပန်းညိုအကြောင်း သိသွားမယ်"

ဟု မကြာခဏ ကြိမ်းဝါးနေလေသည် ။

အောက်ပြည် အောက်ရွာတို့ ၏ ထုံးစံအတိုင်း တစ်အိမ်လျှင် လှေ တစ်စီးစီ ရှိကြလေသည် ။ သို့မှ သာ သွားရေးလာရေး အဆင်ပြေနိုင်ပေ မည်။

မိုးရာသီ ရောက် လာပြီမို့ နွေရာသီက ခုတ်ထွင် ရှင်းလင်းထားသော မြေများ ၌ စပါးမျိုးစေ့ချ စိုက်ပျိုးရန် ပြင်ဆင်နေကြပေပြီ။

ယခုလည်း ကိုပန်းညို တစ်ယောက် စူးထိုးလိုက် စပါးမျိုးစေ့ ချလိုက်

နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေလေသည် ။

မိုးဦးကျ လေဦးကျမို့လားမသိ။ ယနေ့ ကိုပန်းညို ကိုယ်လက်ကိုက်ခဲပြီး ဖျားချင်သလို ဖြစ်နေလေသည် ။

မိသားစု အရေးက ရှိသေးသည် မို့ နားချင်တိုင်း နားလို့ မရသေး။ အချိန်မီ စိုက်ပျိုးနိုင်မှ သာ မိသားစုဝမ်းရေး ဖြေရှင်းနိုင်ပေမည်။

မိသားစု လေးယောက်တွင် လူမမယ်အရွယ် ကလေး နှစ်ယောက်နှင့်မို့ အားကိုး၍ မရသေး။ ဇနီးဖြစ်သူ မယ်မြမှာ လည်း ချက်ရေး၊ ပြုတ်ရေးက တစ်ဖက်၊ ကလေးနှစ်ယောက်က တစ်ဖက်နှင့်မို့ ဝိုင်းကူ၍ မရသေးချေ။

ကိုပန်းညို တစ်ယောက် တွေးရင်းတောရင်း ဆူးထိုးလိုက်၊ မျိုးစေ့ချလိုက်နှင့် ညနေ နေဝင်ရီသရော အချိန်သို့ပင် ရောက်ရှိလာချေပြီ။

အနောက်တောင် အရပ်ဆီမှ လည်း မိုးရိပ်များ တက်လာ ရွာတော့မည့်ဟန် ပေါ်လေသည် ။

ရုတ်တရက် နားထဲ

"ဒီည နင့်ဆီ ငါလာခဲ့မယ်"

နားနား ကပ်ပြောသံလို ကြားမိ၍ ရုတ်တရက် လန့်သွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့် လိုက်တော့လည်း ဘာမှ မတွေ့ရ။ သူစိတ်ထင်ပြီး ဂယောင်ချောက်ချား ဖြစ်သွားသည် ဟု တွေးပြီး အလုပ်ကို လက်စသတ်ကာ မျိုးစပါးအိပ်ကို ပြန်လည် ချည်နှောင် လိုက်လေသည် ။

"ဒီည နင့်ဆီ ငါလာခဲ့မယ်"

ကြားရပြန်ပြီ ... သူစိတ်မရှည်စွာ ပြန်လည် အော် လိုက်လေသည် ။

"အေး သတ္တိရှိရင် ကြိုက်တဲ့ အကောင် လာခဲ့ ပန်းညိုအကြောင်း ပြလိုက်မယ်"

ပြောပြီး အရိပ်လိုလိုတွေ့၍ လှမ်းကြည့်လိုက်ရာ တောစပ်မှ တောထဲ ဝင်သွားတော အနက်ရောင်ဝတ်စုံနှင့် မိန်းမပုံစံ လူတစ်ယောက်ကို ရေးရေးလေး လှမ်းတွေ့လိုက် ရလေသည်။

***